# ၈၈၈၈ လူထုအရေးတော်ပုံကြီးနှင့် ချင်းအမျိုးသားများ

*B.A (Thang), Salai*




ယနေ့ ဩဂုတ်လ (၈) ရက်၊ ၂၀၁၀ သည် အင်အားတောင့်တင်းခိုင်မာလှသော– တပါတီ မဆလစစ်အစိုးရကို ဖြုတ်ချနိုင်ခဲ့ပြီး– ဒီမိုကရေစီအရေးကို ဆန္ဒပြတောင်းဆိုလှုပ်ရှားခဲ့ကြသော– ၈၈၈၈ လူထုအရေးတော်ပုံကြီး၏ (၂၂) နှစ်မြောက် နှစ်ပတ်လည်နေ့ပင်ဖြစ်သည်။

*မြန်မာပြည်သမိုင်းကို ပြန်လည်လှမ်းမျှော်ကြည့်သော်–*

၁၉၄၇၊ ၁၉၄၈၊ ၁၉၄၉ စစ်ပြီးစ၊ လွတ်လပ်စကာလ တိုင်းရင်းသားပြည်သူတို့ ရည်မှန်းတောင်းဆိုခဲ့သည့် လွတ်လပ်ရေး၊ တန်းတူရေး၊ ဖက်ဒရယ်ရေးတို့သည်၄င်း၊ ၁၉၈၈ ဒီမိုကရေစီ အရေးတော်ပုံကြီးမှ ပြည်သူတို့၏ ဒီမိုကရေစီရေးကြွေးကြော်သံတို့သည်၄င်း တခုနှင့် တခု အဆက်အစပ်မရှိပဲ သီးခြားစီဖြစ် ပေါ်လာသည့် သမိုင်းဖြစ်ရပ်များမဟုတ်ပေ။ တခုနှင့် တခု နက်နက်ရှိုင်းရှိုင်း ဆက်နွယ်နေသည့် ပြည်သူတို့၏ လွတ်မြောက်ရေး လှုပ်ရှားမှုများဖြစ်ကြသည်။

ပထမအကြိမ် လွတ်လပ်ရေးတိုက်ပွဲကြီးသည် တိုင်းရင်းသား ပြည်သူတို့၏ ဒေသတွင်မပြီးဆုံးခဲ့ပေ။ ပြည်တွင်းစစ် အသွင်ဖြင့် ဆက်လက်တောက်လောင်နေခဲ့သည်။ တိုင်းရင်းသား ပြည်သူတို့ရည်မှန်း တောင်းဆိုခဲ့သည့် လွတ်လပ်ရေး၊ တန်းတူရေး၊ ဖက်ဒရယ်ရေးတို့သည်သဲထဲရေသွန် အချည်းနှည်းသာဖြစ်ခဲ့ရသဖြင့် အမျိုးသားလွတ်မြောက်ရေး အသွင်ဖြင့် တိုင်းရင်းသား ဒေသပြည်များ တခုမကျန်တွင် ပထမအကြိမ် လွတ်လပ်ရေးတိုက်ပွဲ၏ စစ်မီးသည် တဟုန်းဟုန်း ဆက်လက် တောက်လောင်ခဲ့ရသည်။

ယင်းမပြီးဆုံးသေးသော ပထမအကြိမ် လွတ်လပ်ရေးတိုက်ပွဲများ (ပြည်တွင်းစစ်) ကို အမှီပြုကာ စစ်အာဏာသည် တဖြည်းဖြည်း ကြီးထွားလာခဲ့ပြီး၊ မြေပြန့်ဗမာပြည်သူတို့၏ ဒီမိုကရေစီ အာဏာသည်လည်း စစ်အာဏာရှင်တို့၏လက်ထဲသို့ လုံးလုံးလျားလျား ကျရောက်ခဲ့ရသည်။ တိုင်းရင်းသားပြည်သူတို့နှင့်မခြား ဗမာပြည်သူတို့သည်လည်း စစ်၏ကျေးကျွန်ဘဝကို ကျရောက်ခဲ့ရသည်။ ပထမအကြိမ် လွတ်လပ်ရေးတိုက်ပွဲတွင် တတိုင်းတပြည်လုံး တိုင်းရင်းသား၊ ဗမာမခွဲခြားပဲ တန်းတူရည်တူဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စုနိုင်ငံတော်ကို ထူထောင်နိုင်ခဲ့ကြလျှင် ပြည်တွင်းစစ်မီးသည်လည်း ကြာရှည်ဆက်လက်တောက်လောင်စရာ အကြောင်းမရှိပေ။ စစ်အာဏာသည်လည်း ကြီးထွားလာစရာအကြောင်း မရှိပေ။ ဗမာပြည်သူတို့သည်၄င်း တိုင်းရင်းသားပြည်သူတို့သည်၄င်း စစ်ကျွန်ဘဝသို့ကျရောက်စရာအကြောင်း အလျင်းမရှိပေ။ ဒုတိယအကြိမ်လွတ်လပ်ရေးတိုက်ပွဲကြီးသည်လည်း ရှစ်လေးလုံးဒီမိုကရေစီတော်လှန်ရေးအသွင်ဖြင့်ပေါ်ပေါက်လာစရာ အကြောင်းမရှိပေ။

www.chinworld.info

နိုင်ငံတခု၏ သမိုင်းဖြစ်စဉ်ဟူသည်မှာ ခေတ်အပိုင်းအခြားအလိုက် ဆင့်ကဲပြောင်းလဲကြရစမြဲ၊ ပြည်သူတို့၏ စစ်မှန်သော ဆန္ဒ ဟူသည်မှာ အာဏာအားကိုးနှင့် အတိုင်းအတာတခုအထိ ချိုးနှိမ်ဖိနှိပ်ပြီး ယာယီအားဖြင့် တိမ်မြှုပ် အောင် လုပ်ထားနိုင်သော်လည်း ရေရှည်တွင် ပြည်သူတို့၏ သွေးကပြောသောသမိုင်းတို့သည်ပေါင်းစည်း ကြစမြဲဖြစ်သည်။ ထိုနည်း၄င်းပင် ရှစ်လေးလုံး ပြည်သူ့တော်လှန်ရေးကြီးသည် တိုင်းရင်းသား ပြည်သူတို့၏ တော်လှန်ရေးနှင့်ပေါင်းစပ်ကာ ၁၉၄၇၊ ၄၈၊ ၄၉ ကာလမှ စတင်ခဲ့သော ဖက်ဒရယ်ရေး၊ တန်းတူရေးတိုက်ပွဲတို့သည်လည်း ၁၉၈၈ ခု ဒီမိုကရေစီ တော်လှန်ရေးနှင့် သွေးပေါင်းစီးခဲ့ကြသည်။ မာနပလော (ဒုတိယ ပင်လုံ) တွင် ပြန်လည်ဆုံစည်းခဲ့ကြပြီး လူမျိုးပေါင်းစုံ ပြည်သူတို့၏ ရည်မှန်းချက်သည် တူညီသော ဖက်ဒရယ် ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ မှန်မှန် ကန်ကန် ဦးလှည့်နိုင်ခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်ကဲ့သို့သော အမျိုးသားခေါင်းဆောင်တဦးကိုလည်း တော်လှန်ရေးတိုက်ပွဲကြားမှမွေးထုတ်ပေးနိုင်ခဲ့သည်။ ဤသို့သော အပေါင်းလက္ခဏာဆောင်သည့် သမိုင်းရလဒ်များကို ဖန်တီးပေးနိုင်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကို အခြေခံပြီး ယနေ့ပြည်သူတို့သည် ဒီမိုကရေစီ အောင်ပွဲကြီးကို မျက်မောက်မပြုနိုင်ကြသေးပေ။ တခြားတနည်းဖြင့်ပြောရင်လျှင်– တပါတီအာဏာရှင်စနစ်ကို တွန်းလှန်နိုင်ခဲ့သော်ငြားလည်း– စစ်မှန်သော ဖက်ဒရယ်ဒီမိုကရေစီပန်းတိုင်အထိ အရောက်မလှမ်းနိုင်သေးပေ။

မည်သို့ပင်ဆိုစေ ယနေ့ရှစ်လေးလုံး (၂၂) မြောက် အထိမ်းအမှတ် အဖြစ် ချင်း အမျိုးသားတို့၏ ရှစ်လေးလုံးကာလ ပါဝင်လှုပ်ရှားမှုသမိုင်းကို ပြန်လည်မီးမောင်းထိုးကာ ဖေါ်ပြနိုင်ရန်အတွက် **CHIN WORLD** (www.chinworld.info) ဝိုင်းတော်သားများအနေနှင့် ကြိုးပမ်းဖော်ပြလိုပါသဖြင့် လက်လှန်းမှီသ၍ မေးမြန်းချက်များကိုဖေါ်ပြလိုက်ပါသည်။ တချို့ခေါင်းဆောင်ကြီးများလည်း ကွယ်လွန်ခဲ့ကြသည်ကတကြောင်း၊ တချို့မှာ ပြည်တွင်းတွင် ရှိနေဆဲဖြစ်ပြီး သူတို့၏ လုံခြုံရေးကို ငဲ့ညှာရသည်ကတကြောင်း၊ ပြည်ပတွင်နေထိုင်သော ထိုစဉ်က ခေါင်းဆောင်အချို့ကို ဆက်သွယ်မေးမြန်းရန် ကြိုးပမ်းခဲ့သော်လည်း အခြေအနေအရပ်ရပ်ကြောင့် အချိန်မီမရရှိနိုင်ခြင်း စသည့် အကြောင်းကြောင်းတို့ကို အခြေခံပြီး ယနေ့ဖော်ပြချက်များသည် ပြီးပြည့်စုံသော သမိုင်းမှတ်တမ်းများမဟုတ်ပါ။ လိုအပ်ချက် ဟာကွက်များလည်းရှိနိုင်ပါသည်။ သို့သော်လည်း လက်လှမ်းမှီသ၍–သမိုင်း မှတ်တမ်းများကို ကြိုးစားဖေါ်ပြခြင်းအားဖြင့် နောင်းခေတ် လူငယ်မျိုးဆက်သစ်များအတွက် အတိတ်သမိုင်းမှ အားယူစရာ၊ အတုယူစရာ၊ သင်ခန်းစာယူစရာများ ရှိမည်ဆိုလျင် ဤတိုတောင်းသော သမိုင်းမှတ်တမ်းအား ပြုစုရကျိုးနပ်သည်ဟု ယုံကြည်ပါသည်။



www.chinworld.info

# ချင်းအမျိုးသားသမဂ္ဂ ဥက္ကဋ္ဌ **Tang Nang Lian Thang** ပြန်ပြောင်းပြောပြသော ၈၈၈၈ အရေးတော်ပုံနှင့် ချင်းအမျိုးသားများ

CW။ ။ ၈၈၈၈ အရေးအခင်းကာလမှာ– အန်ကယ်အနေနဲ့ အစိုးရအမှုထမ်းအနေနဲ့ ဘာတာဝန်တွေနဲ့ ထမ်းဆောင်လှုပ်ရှားတာမျိုးရှိပါသလဲ။

NLT။ ။ အဲဒီတုန်းက– ကျနော်က အခွန်ဦးစီးဌာနမှာ– ဒုလက်ထောက်ညွှန်ကြားရေးမှူးတာဝန်ကို ထမ်းဆောင်နေပါတယ်။

CW။ ။ ၁၉၆၂ ခုနှစ်နောက်ပိုင်းမှာ ပထမဆုံးပေါ်ပေါက်လာတဲ့ ချင်းနိုင်ငံရေးအဖွဲ့အစည်းဖြစ်တဲ့ ချင်းအမျိုးသားသမဂ္ဂ ဖြစ်ပေါ်လာတဲ့ သမိုင်းကြောင်းကို သိပါရစေ။

NLT။ ။ ၈၈၈၈အရေးအခင်းကာလမှာ ဒီလိုအခြေအနေတွေဖြစ်နေတဲ့အခါကြတော့ "ဒီလိုအဖွဲ့အစည်းကို ဦးဆောင်ပါ၊ ပါဝင်ပါ" ဆိုပြီး ကျနော့်ဆီလာရောက်ပြီး မေတ္တာရပ်ခံတဲ့ အဓိကသူတွေကတော့– ဆလိုင်းရမ်လိန်မှုန်း၊ ဆရာဖွန်ကာထန်းနဲ့ **Salai A** တို့ဖြစ်တယ်။ ကျနော့်အနေနဲ့ကလည်း– အစိုးရဝန်ထမ်း အနေနဲ့ ဒီဟာကို လုပ်ရင် အဖမ်းခံရမယ်၊ အလုပ်ပြုတ်မယ်၊ အန္တရာယ်ရှိတာကို သိပေမယ့် အမျိုးသားရေးတာဝန်အရ– အားလုံးက မေတ္တာရပ်ခံလို့ ကျနော့်အမျိုးသမီးနဲ့တိုင်ပင်ပြီး၊ ဆုတောင်းဆက်ကပ်ပြီး စွန့်လွှတ်ပြီး ဦးဆောင်ပါဝင်ခဲ့တာဖြစ်တယ် ပါတီဖွဲ့စည်းတည်ထောင်တာကတော့– ကျနော့်အိမ် စတင်ဖွဲ့စည်းခဲ့တာဖြစ်တယ်။ နေ့ရက်အတိအကျ ကျနော်မမှတ်မိတော့ ပေမယ့်– ၁၉၈၈ ဇွန်လထဲမှာဖြစ်တယ်။

CW။ ။ ဟုတ်ကဲ့– အဲဒီတုန်းက ချင်းအမျိုးသားသမဂ္ဂရဲ့ အလုပ်အမှုဆောင်ကော်မတီဝင်များကို သိပါရစေ။

NLT။ ။ တာန်နန်လျန်ထန် ဥက္ကဋ္ဌ
ဆလိုင်းရမ်လိန်မှုန်း ဒု–ဥက္ကဋ္ဌ
ဆလိုင်းလျန်မှုန်း အတွင်းရေးမှူး
တာန်ထန်လျန်ပေါင် အတွင်းရေးမှူး
ဆရာရိုဇာထန် ပြန်ကြားရေးမှူး တို့ဖြစ်ကြတယ်။
နောက်ပြီး အမည်ဖော်ပြနိုင်တဲ့သူတွေကတော့ **Saya Phun Kar Thang**၊ ဝုန်ဇပေါင်၊ **Gin Kam Lian**၊ **Ning Hau Kim**၊ **Salai Ni Lian**၊ **Salai Al Thang** နဲ့ အခြားကျောင်းသားများ၊ အစိုးရဝန်ထမ်းများ၊ ဘာသာရေးခေါင်းဆောင်များ အားလုံးတက်တက်ကြွကြွပါဝင်ခဲ့ကြပါတယ်။ အဲဒီအထဲမှာ အခုလက်ရှိ မှာလည်း ပြည်တွင်းနေထိုင်သူများလည်း ရှိနေတဲ့အတွက်ကြောင့် သူတို့ရဲ့ နာမည်ကိုတော့ ဖော်ပြတာ ကြိုက်ကြမယ်မထင်ဘူး။ အလွှာအသီးသီးက ချင်းလူမျိုးများအားလုံး စည်းလုံးညီညွတ်စွာနဲ့ အတူတကွ ပါဝင်လှုပ်ရှားခဲ့ကြတာဖြစ်ပါတယ်။

CW။ ။ ဆရာတို့ စီအဲန်ယူကို တည်ထောင်ခဲ့တဲ့ ရည်ရွယ်ချက်များကို သိပါရစေ။

NLT။ ။ ရည်ရွယ်ချက်က– ရန်ကုန်မှာ– ချင်းလူမျိုးများကိုယ်စား ရပ်တည်လှုပ်ရှားမယ့် အဖွဲ့အစည်းလိုအပ်တဲ့အတွက်– စီအဲန်ယူကို ကျနော်တို့ဖွဲ့တယ်။ ဒီစီအဲန်ယူဟာ ၆၂ ခုနှစ် နောက်ပိုင်းမှာ– ပထမဦးဆုံးပေါ်ပေါက်လာတဲ့ ချင်းနိုင်ငံရေးအဖွဲ့အစည်းတခုလို့ပြောလို့ရတယ်။ ဒီစီအဲန်ယူအဖွဲ့အစည်းထဲမှာဆိုရင် ကျောင်းသားခေါင်းဆောင်တွေကော– ကျောင်းသားခေါင်းဆောင်ဟောင်းတွေကော၊ ကျောင်းသားလူငယ်တွေပါ အကုန်ပါဝင်တဲ့အပြင် ဘာသာရေးအဖွဲ့အစည်းက လူတွေ၊ နိုင်ငံရေးသမားဟောင်းတွေ၊ အစိုးရဝန်ထမ်းတွေ၊ ကျောင်းဆရာတွေ အစရှိသဖြင့် အကုန်လုံးပါဝင်ကြတယ်။ ကျနော်တို့က မြန်မာပြည်မှာ ဒီမိုကရေစီ ရရှိဖို့၊

www.chinworld.info

စစ်အာဏာရှင်ပြုတ်ကျဖို့လှုပ်ရှားတဲ့အဖွဲ့ထဲမှာ– ချင်းလူမျိုးများကိုယ်စား ပထမဆုံးရပ်တည်တဲ့အဖွဲ့အစည်း ဖြစ်တယ်။ အဲဒီတုန်းကလည်း သတင်းစာတွေဘာတွေမှာ ပါပါတယ်။ အဲဒီသတင်းစာဖြတ်ပိုင်းတွေကတော့– လုံခြုံရေးအခြေအနေအရပ်ရပ်ကြောင့် မသိမ်းထားနိုင်ခဲ့ပါဘူး။ ကျနော်တို့ရဲ့ ရည်ရွယ်ချက်က– ရှစ်လေးလုံး ကြီးမှာ– ဗမာနိုင်ငံအတွက် အရေးကြီးဆုံးအချိန်မှာ– လှုပ်ရှားမှုများအားလုံးမှာ– ကျနော်တို့ပါဝင်ကြတယ်။ အဲဒီအချိန်မှာ ရှိတဲ့လှုပ်ရှားမှုများအားလုံးမှာ– ကျနော်တို့ပါဝင်ခဲ့တယ်။ ဒ့ါအပြင် နောက်တခုက– ချင်းပြည် ရောက်နေတဲ့ နိုင်ငံရေးသမားတွေ ရန်ကုန်တွေဆင်းလာပြီး နိုင်ငံရေးလှုပ်ရှားမှု လုပ်နိုင်တဲ့အချိန်အထိ လှုပ် ရှားပေးမယ်ဆိုတဲ့ သဘောလည်း ရှိပါတယ်။ ဒါကြောင့်လည်း နောက်ပိုင်းမှာ **Pu Lian Uk**တို့၊ **Pu Cin Sian Thang**နဲ့ အခြားချင်းနိုင်ငံရေးခေါင်းဆောင်တွေ ရန်ကုန်ကို ဆင်းလာကြတာဖြစ်တယ်။

**CW**။ ။ ဆရာတို့ စီအဲန်ယူအနေနဲ့ လှုပ်ရှားခဲ့တဲ့ အဖြစ်အပျက်တွေကို သိပါရစေ။

**NLT**။ ။ ရွှေတိဂုံအနောက်ဖက်မုခ်မှာ– ဒေါ်အောင်ဆန်းစုကြည်တရားဟောတဲ့အခါမှာလည်း ကျနော်တို့ပါဝင် တယ်။ နေ့စဉ်ဆန္ဒပြ ချီတက်တဲ့နေရာမှာလည်း ကျနော်တို့ပါဝင်ခဲ့ကြတယ်။ အဲဒီမှာ အောက်ချင်းငှက်နဲ့ အလံကြီးကို ကိုင်ပြီးကျနော်တို့ဆန္ဒပြခဲ့ကြတယ်။ စာတမ်းတွေကိုလည်းရေးတယ်။ ဒီစာတမ်းနဲ့အောက်ချင်း ငှက်တံဆိပ်တွေကို ကျနော်ကပဲလုပ်ပြီးတော့– ကျနော်တို့ရဲ့ ကျောင်းတုန်းကသူငယ်ချင်း ကိုမျိုးမြင့်–သူဟာ ဆိုရင် ဒေါ်အောင်ဆန်းစုကြည်အိမ်မှာ ခွပ်ဒေါင်းအလံတို့၊ ဗိုလ်ချုပ်အောင်ဆန်းပုံတို့ကို ရေးဆွဲတဲ့ ပန်းချီ မျိုးမြင့်ပေ့ါလေ။ သူကကူညီပေးတယ်။ ပြီးတော့ ကျနော်တို့က ချင်းလူမျိုးများကိုယ်စားနိုင်ငံရေးအရ ရပ် တည်တဲ့အဖွဲ့အစည်းအနေနဲ့ လှုပ်ရှားတယ်။ နောက်ပြီးတော့ ချင်းလူမျိုးများအကြားမှာလည်း လူထု နိုင်ငံ ရေးဆွေးနွေးပွဲက– (၃) နေရာမှာ ကျနော်တို့လုပ်ခဲ့တယ်။ တနေရာက– သိမ်ဖြူလမ်းမှာရှိတဲ့ ဝိုင်အမ်စီအေ ခန်းမဆောင်မှာ ကျနော်တို့လုပ်တယ်။ နောက်တခါက ဂန္ဒီခန်းမမှာလုပ်တယ်။ နောက်တကြိမ်ကတော့– အင်းစိန် ကျမ်းစာကျောင်းဝန်းထဲမှာ ကျနော်တို့လုပ်ခဲ့တယ်။

**CW**။ ။ အဲဒီအချိန်တုန်းက နာမည်ကြီးတဲ့ ကြားဖြတ်အစိုးရဖွဲ့စည်းရေးနဲ့ ပတ်သက်ပြီး စီအဲန်ယူထဲမှာ ဆွေးနွေး တိုင်ပင်ခဲ့တဲ့ အကြောင်းအရာတွေနဲ့ ပတ်သက်လို့သိပါရစေ။

**NLT**။ ။ ကြားဖြတ်အစိုးရဖွဲ့စည်းမယ်၊ တိုင်းရင်းသားအသီးသီး၊လူမျိုးစုအသီးသီးကကော ကိုယ်စားလှယ်တွေပေး ကြပါဆိုတော့– အဲဒီနေ့က ကုန်သွယ်ရေးအပေါ်ကနေ စစ်တပ်ကပြည်သူတွေကို ပစ်တယ်။ ပြည်သူတွေက အဲဒီကုန်သွယ်ရေးကို ဝိုင်းပြီး စစ်သားတွေကို ဖမ်းတဲ့နေ့မှာ– ကုန်သွယ်ရေးနဲ့ကပ်ရက် ကုန်သည်လမ်း အိမ် တအိမ်မှာ– ကြားဖြတ်အစိုးရဖွဲ့စည်းရေးမှာ– ချင်းလူမျိုးအနေနဲ့ ဘယ်လိုပါဝင်ကြမလဲဆိုတာကို ဆွေးနွေး ကြတယ်။ ချင်းနိုင်ငံရေးခေါင်းဆောင်တွေ၊ ပြည်သူတွေအစည်းအဝေးလုပ်နေတဲ့အချိန် ပစ်တာ၊ ခတ်တာ အသံတွေတောင် တဒိန်းဒိန်းကြားပြီးတော့ အစည်းအဝေးလုပ်ကြတယ်။ အဲဒီနေ့မှာ ကျနော်က ဘာ မေးခွန်းတခုထုတ်လိုက်သလဲဆိုတော့– “ဗမာအဖွဲ့အစည်းတွေအနေနဲ့ ကြားဖြတ်အစိုးရတကယ်ဖွဲ့မလား” ဆိုတဲ့မေးခွန်းကို အရင်မေးတယ်။ အဲဒီလိုကြားဖြတ်အစိုးရတကယ်ဖွဲ့မယ်ဆိုလို့ရှိရင် အဲဒီကြားဖြတ်အစိုးရ မှာ– အစိုးရနဲ့ ယှဉ်ပြိုင်တဲ့အချိန်မှာ– ကြားဖြတ်အစိုးရကို အစိုးရက လက်မခံဘူးဆိုလို့ရှိရင် စင်ပြိုင် အစိုးရ ဖြစ်သွားမယ်၊ စင်ပြိုင်အစိုးရဖြစ်သွားရင် မြို့ပေါ်မှာ ယှဉ်ပြိုင်အစိုးရပေါ်တာနဲ့ စစ်တပ်နဲ့ယှဉ်ပြိုင်အစိုးရနဲ့ ပြိုင်လုပ်တဲ့အခါမှာ တိုက်ပွဲတွေဘာတွေလည်း ဖြစ်လာနိုင်တယ်။ ကြားဖြတ်ကနေ– ယှဉ်ပြိုင်၊ ယှဉ်ပြိုင်ကနေ မနိုင်ဘူးဆိုရင် ပြည်ပြေးအစိုးရအနေနဲ့ နယ်စပ်ကိုပြေးရတော့မယ်။ အဲဒီအထိ ပါဝင်ပြီးတော့ မလိုက်နိုင်တဲ့ သူဟာ ဒီနေရာမှာ နေရာယူလို့မရနိုင်ဘူးဆိုပြီး အဲဒီအချက်ကို ကျနော်အဓိကထားပြီး ပြောခဲ့တယ်။ အဲဒီ တော့– လူကြီးတွေက “ဟာ၊ ငါကျန်းမာရေးမကောင်းဘူး၊ အဲလောက်အထိတော့ မပါဝင်နိုင်ဘူး” အစရှိ သဖြင့် ဆိုပြီးငြင်းဆိုပြောတဲ့သူတွေအများကြီးရှိသလို၊ “ဟာ၊ ကျနော်ကတော့ ပါဝင်မယ်၊ ကျနော်ကတော့

www.chinworld.info

ဘာတာဝန်ပေးပေးတာဝန်ယူမယ်၊ ဘယ်နေရာကနေပဲဖြစ်ဖြစ်ပါဝင်မယ်” ဆိုပြီး ပြောတဲ့သူလည်းရှိပါတယ်။ အဲဒီတော့ ကြားဖြတ်အစိုးရဖွဲ့ရင် ချင်းလူမျိုးကိုယ်စား ဘယ်သူဖြစ်သင့်တယ်ဆိုတာကို ကျနော်က အဲဒီနေ့မှာ ဆုံးဖြတ်ရတယ်။ ဒါပေမယ့် ကြားဖြတ်အစိုးရမဖွဲ့ဖြစ်တဲ့အတွက်ကြောင့် အဲဒီနာမည်ကို ဒီနေ့အထိ ကျနော်ထုတ်ပြန်ခြင်းမရှိဘူး။ အဲဒါကတော့ အရေးကြီးတဲ့ သမိုင်းမှတ်တိုင်တခုပေါ့လေ။ ချင်းလူမျိုးတွေထဲမှာဆိုရင် အစိုးရဝန်ထမ်းအနေနဲ့ လျှပ်စစ်က ညွှန်ကြားရေးမှူး ပူးစီကေတိုက်ကွယ် ဆိုရင် အစိုးရမှာ အင်မတန်မှ အရေးကြီးတဲ့တာဝန်ကို ထမ်းဆောင်တဲ့လူတယောက်က သူတို့ရဲ့ သမဂ္ဂတွေမှာလည်း ဥက္ကဋ္ဌအနေနဲ့ လုပ်ခဲ့တဲ့သူဖြစ်တယ်။ ချင်းနိုင်ငံရေးလောကမှာ အတက်ကြွဆုံးပါဝင်ခဲ့တာကို ကျနော်တွေ့ရတယ်။ ဤဒါကတော့– ကျနော်မျက်စိထဲမှာ မမေ့နိုင်ဘူးပေါ့နော်။ နောက်ပြီးတော့– တခြားနိုင်ငံရေးသမားတွေ၊ အလွှာအသီးသီးက ပါဝင်တဲ့သူတွေလည်းရှိပါတယ်။ နာမည်ကိုတော့ ကျနော်မပြောတော့ပါဘူး။ နာမည်မပါလို့ မကျေနပ်တဲ့သူ တွေလည်း ရှိမယ်၊ နာမည်ထည့်လိုက်တဲ့အတွက်ကြောင့် သူတို့အတွက် မကောင်းဘူးဆိုတဲ့ သူတွေလည်း ရှိနိုင်တယ်။ ဥပမာ– ယူအက်စ်အေရောက်ပြီး ကွယ်လွန်သွားပြီဖြစ်တဲ့ အင်ဂျင်နီယာကြီး ပူးငိုနမ်တို့ ဘာတို့ဆိုရင်လည်း အင်မတန်မှကို သတ္တိရှိပြီး တက်ကြွတဲ့သူဖြစ်တယ်။ ချင်းလူမျိုးတွေဟာ တကယ်အရေး ကြီးလာပြီဆိုရင် ကိုယ့်လူမျိုးအတွက် ဝန်ထမ်းထဲကပဲဖြစ်ဖြစ်၊ ဘာသာရေးထဲကပဲဖြစ်ဖြစ်၊ ပါဝင်ခဲ့တဲ့သူတွေ အများကြီးရှိတယ်။

**CW**။ ။ စီအဲန်ယူနဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံဆွေးနွေးဖြစ်ခဲ့တုန်းက ဆွေးနွေးခဲ့တဲ့ အကြောင်းအရာလေးတွေကိုလည်း သိပါရစေ။

**NLT**။ ။ ဒေါ်စုနဲ့ ဆွေးနွေးခဲ့တာက– ကျနော်ဘာပြောခဲ့သလဲဆိုတော့ “ကျနော်တို့လာတဲ့အကြောင်းကိစ္စက– ကျနော် တို့က ချင်းလူမျိုးများကိုယ်စား လာရောက်တာဖြစ်ပြီးတော့– ဗိုလ်ချုပ်အောင်ဆန်းက ကျနော်တို့ တိုင်းရင်းသားတွေကို ပင်လုံစာချုပ်မှာ– ဖက်ဒရယ်ပြည်ထောင်စု တည်ထောင်ပြီးတော့ အားလုံးအတူတကွ လက်တွဲနေထိုင်မယ်ဆိုပြီး ကတိပေးခဲ့တဲ့အတွက်ကြောင့် ကျနော်တို့က ပြည်ထောင်စုမှာ လာပေါင်းပြီးတော့ တိုင်းပြည်ထူထောင်ခဲ့ကြပေမယ့် ဒီကတိဟာ ဗိုလ်ချုပ်အောင်ဆန်း ကွယ်လွန်သွားတဲ့အတွက်ကြောင့် ဒီကတိကို သူအကောင်အထည်မဖော်နိုင်ခဲ့ဘူး။ သူကတော့ ကတိပျက်တယ်လို့ ကျနော်မဆိုလိုပါဘူး။ ဒါပေမယ့် ကျန်တဲ့ဗမာခေါင်းဆောင်တွေ အားလုံးက ဒီကတိကို မတည်ဘူး။ အခု– ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ ခင်ဗျားအနေနဲ့ ခင်ဗျားအဖေရဲ့ကတိပေးထားတာကို ဆက်လက်အကောင်အထည်ဖော်မယ့် ဆန္ဒရှိသလား။ ဒါမှဟုတ်ရင်ကော– ဘာများလဲဆိုတဲ့ ခင်ဗျားရဲ့ အယူအဆကို သိချင်လို့လာတာပါ” ဆိုပြီး ပွင့်ပွင့်လင်းလင်း ပြောခဲ့တယ်။ အဲဒီမှာသူက ကျမတို့ပါတီက အခုမှထူထောင်ခါစဖြစ်ပြီး– တိုင်းရင်းသားရေးရာနဲ့ပတ်သက်ပြီး သဘောထားရေးရာ၊ ပေါ်လစီ ဘာမှ မဆုံးဖြတ်ရသေးဘူးဆိုပြီး အဖြေ အတိအကျမပေးနိုင်ခဲ့ဘူး။

**CW**။ ။ အန္တိုယသံရုံးနဲ့ တွေ့ဆုံဆွေးနွေးခဲ့တဲ့အကြောင်းအရာလေးတွေကိုလည်း သိပါရစေ။

**NLT**။ ။ အိန္ဒိယသံရုံးနဲ့တွေ့တဲ့အချိန်မှာ– ကျနော်တို့ဆွေးနွေးခဲ့တာက– စစ်အစိုးရနဲ့ထိုင်းအစိုးရနဲ့က တအားပြေလည်တဲ့အတွက်ကြောင့် အရှေ့ဖက်ခြမ်းကို သွားရင်နာလိမ့်မယ်၊ အနောက်ခြမ်းကို Base ယူတာပိုကောင်းတယ်ဆိုပြီး၊ အိန္ဒိယသံရုံးကို ကျနော်ပြောတာက– ချင်းလူမျိုးတွေ၊ ဗမာပြည်သားတွေပြေးလာရင် နယ်စပ်ဒေသတလျှောက်လုံးမှာ စခန်းတွေထားပေးဖို့၊ ဒုက္ခသည်စခန်းတွေထားပေးဖို့ဆိုပြီး မေတ္တာရပ်ခံတယ်။ သူတို့ကလည်း လက်ခံစဉ်းစားပေးပါတယ်။

www.chinworld.info

**CW**။ ။ ချင်းအမျိုးသားသမဂ္ဂကနေ ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နဲ့ ဇိုမီးအမျိုးသားကွန်ကရက် ဖြစ်လာခဲ့တဲ့ အကြောင်းကိုလည်း သိပါရစေ။

**NLT**။ ။ နောက်ဆုံးတော့ စစ်တပ်ကအာဏာသိမ်းပြီး ရွေးကောက်ပွဲလုပ်ပေးမယ်၊ ပါတီထူထောင်ခွင့်ပေးမယ် ဆိုပြီးကြေငြာတော့– စီအဲန်ယူက– အာဏာသိမ်းပြီးတော့– ကတိမပေးဘူးဆိုရင် ဒီအဖွဲ့အနေနဲ့ ဆက်သွားရမှာဖြစ်တယ်။ ဒါပေမယ့် သူတို့က ပါတီထူထောင်ခွင့်ပေးမယ်ဆိုတဲ့အခါကြတော့– ကျနော်တို့က ချင်းနိုင်ငံရေးပါတီထူထောင်ကြရအောင်ဆိုပြီး– လူကြီးတွေအကုန်လုံးကို လိုက်ညှိတော့– နိုင်ငံရေးသမားခေါင်းဆောင်တွေက– Wait and See ဘဲ။ Wait and Seeအနေနဲ့ မပါဝင်နိုင်သေးဘူးဆိုပြီး– ပြောကြတယ်။ ဝန်ထမ်းတွေကလည်း– ငါတို့က ဒီလိုဆန္ဒပြတဲ့ဟာတွေက အစိုးရကို မကြိုက်လို့ဖြစ်တယ်၊ အခုရွေးကောက်ပွဲလုပ်ပေးမယ်ဆိုတော့– ဝန်ထမ်းတွေက မပါတော့ဘူး။ ဘာသာရေးဆရာတွေကလည်း မပါတော့ဘူး။ အကုန်လုံးက နိုင်ငံရေးပါတီထူထောင်တဲ့အချိန်မှာ– "နိုင်ငံရေးတော့အားပေးမယ်၊ ပါတီထူထောင်တဲ့နေရာမှာ မပါဝင်တော့ဘူး" နောက်ပြီးတော့– အစိုးရဝန်ထမ်းတွေကိုလည်း အစိုးရက ကတိပေးထားတယ်။ လုပ်ငန်းခွင်ပြန်ဝင်ပါ။ မဖမ်းဘူး၊ မဆီးဘူး၊ ရာထူးမဖြုတ်ဘူး၊ ဆိုတဲ့အခါကြတော့– တကယ့်နိုင်ငံရေးအပိုင်းကို ရောက်လာတဲ့အခါကြတော့– ဘယ်သူမှ ပါတီမထောင်ချင်ကြဘူး။ နောက်ဆုံးကြတော့– ဆလိုင်းရမ်လိန်မှုန်းရယ်၊ ကျနော်ရယ်၊ ဆလိုင်းလျန်မှုန်း တို့ရယ်ကနေ အကုန်လုံးလိုက်ညှိပြီး ဘာပဲဖြစ်ဖြစ် ပါတီမထောင်လို့မဖြစ်ဘူး။ ပါတီလိုင်းကို ထောင်မယ် ဆိုပြီး Chin League (Chin National League for Democracy) ကို စထောင်တယ်။ Chin League ကို စထောင်တဲ့အခါကြတော့– စီအဲန်ယူမှာတော့ အားလုံးပါဝင်ပေမယ့်– တချို့ကြတော့– ငါတို့က ZNC (Zomi National Congress) ထောင်ချင်တယ် ဆိုပြီး– ထောင်ကြတယ်။ ဆိုတော့– စီအဲန်ယူကနေပြီးတော့– ပေါက်ဖွားလာတာကတော့– စီအဲန်အယ်လ်ဒီ နဲ့ဇက်အဲန်စီဖြစ်တယ်။ ကျနော့်အနေနဲ့ကတော့– ဒီပါတီ (၂) ခုလုံးထူထောင်တဲ့နေရာမှာ– ထဲထဲဝင်ဝင် အားလုံးနဲ့အတူလက်တွဲပြီးတော့– Founding member အနေနဲ့ အားပေးခဲ့တယ်။ ရွေးကောက်ပွဲဝင်တဲ့ အပိုင်းမှာတော့– ကျနော်က ရွေးကောက်ပွဲဝင်ပြီး နေရာယူမယ်ဆိုတဲ့ဆန္ဒမရှိတဲ့အတွက်– အဲဒီအထိတော့– ပါဝင်ခြင်းမရှိဘူး။

**CW**။ ။ ချင်းနိုင်ငံရေးပါတီ (၂) ခုကို တည်ထောင်ပေးပြီးတော့– စီအဲန်ယူရဲ့ အခန်းကဏ္ဍက ပြီးသွားတဲ့သဘောပေါ့နော်။

**NLT**။ ။ အမျိုးသားရေးလှုပ်ရှားမှုနဲ့ နိုင်ငံရေးပါတီလှုပ်ရှားမှုမှာ တခါတလေကြတော့– အားလုံးက Unity ဆိုတာက မဖြစ်နိုင်ဘူး။ ကိုယ့်ပါတီ၊ ကိုယ့်နိုင်ငံရေးလှုပ်ရှားမှုနဲ့ သွားရတာကိုး၊ ဒါကြောင့် စီအဲန်ယူက သမိုင်းပေးတာဝန်အနေနဲ့ ပါတီ (၂) ခုထူထောင်တယ်။

အဲဒီနေရာမှာ– မေးစရာရှိတာက– ဒီလိုသာ အစိုးရက ပါတီထူထောင်ခွင့် ဘာညာ မပေးဘူးဆိုရင်– စီအဲန်ယူရဲ့အခန်းကဏ္ဍက ချင်းလူမျိုးများကိုယ်စား ဒီနိုင်ငံရေးမှာ ဆက်ပြီးတော့ သွားရမယ့်အခြေအနေရှိတယ်။ ပါတီထူထောင်ခွင့်ပေးပြီး ပါတီထူထောင်လိုက်တဲ့အခါကြတော့– စီအဲန်ယူဟာ မလိုအပ်တော့တဲ့အတွက် ကြောင့်– စီအဲန်ယူဟာ ပါတီနှစ်ခုကို ထူထောင်ပေးပြီးတဲ့နောက်ပိုင်းမှာ– ကျနော်က ကြေငြာချက်တစောင်ထုတ်ပြီး စီအဲန်ယူကို တရားဝင်ဖျက်သိမ်းတယ်၊ အရေးအခင်းကာလမှာ– ဖြစ်ပျက်ခဲ့တဲ့ကိစ္စအားလုံးကို တာဝန်ယူစရာရှိရင် ကျနော်တာဝန်ယူတယ်ဆိုပြီး ကျနော်စာထုတ်ပြန်ခဲ့တယ်။ အဲဒါနဲ့ စီအဲန်ယူရဲ့ အခန်းကဏ္ဍက ပြီးသွားတာပေါ့။ စီအဲန်ယူ နိုင်ငံရေးလှုပ်ရှားတဲ့ကာလမှာတော့– ချင်းနိုင်ငံရေးသမားတွေ၊ ဘာသာရေးသမားတွေ၊ အစိုးရဝန်ထမ်းတွေအကုန်လုံးပါတယ်။ အဲဒီမှာ တချို့က ပါတီနိုင်ငံရေးကို ထူထောင်ကြပြီး တချို့ကတော့– ပါတီထူထောင်တာထက်– လက်နက်ကိုင်တော်လှန်ရေးကို သွားကြမယ်ဆိုပြီး၊ Salai Al Thang တို့၊ Salai Ni Lian တို့အစရှိသဖြင့် တော်လှန်ရေးထဲကို ဝင်မယ်ဆိုတဲ့အခါမှာ–

www.chinworld.info

နောက်ဆုံးနှုတ်ဆက်တဲ့အထိ ကျနော်တို့ လက်တွဲခဲ့ကြတယ်။ တော်လှန်ရေး စိတ်ဝင်စားတဲ့လူတွေက– တော်လှန်ရေးနဲ့သွားတယ်။ နိုင်ငံရေးစိတ်ဝင်စားတဲ့လူတွေက– နိုင်ငံရေးလိုင်းကိုသွားကြတယ်။ ယူဂျီလုပ်ငန်းကို စိတ်ဝင်စားတဲ့လူတွေက– ယူဂျီလုပ်ငန်းကို ဆက်လုပ်ကြတယ်။ ဒီလိုနဲ့ ကျနော်တို့သွားခဲ့ကြတယ်။

**CW**။ ။ ၈၈၈၈ အရေးတော်ပုံမှာ ဆရာ့အနေနဲ့ သင်ယူလိုက်ရတဲ့ သင်ခန်းစာ အတွေ့အကြုံလေးကို နှောင်းလူငယ်တွေကို ပြောပြပါဦး။

**NLT**။ ။ အဲဒီမှာဘာသွားတွေ့ရလဲဆိုတော့– တကယ်စင်ပြိုင်အစိုးရကို ထောင်ဖို့ ဆုံးဖြတ်တဲ့အချိန်မှာ– ကြီးငါးကြီးထဲမှာ– ဦးနုတယောက်ကပဲ စင်ပြိုင်အစိုးရကို ထောင်လိုက်တယ်။ ကျန်တဲ့လူတွေက မထောင်ဘူး။ ဦးနုက စင်ပြိုင်အစိုးရထောင်လိုက်တဲ့အချိန်မှာ– ကျနော်တို့ စီအဲန်ယူကလည်း ထောက်ခံတယ်ဆိုတဲ့ စာကို ထုတ်ပြန်တယ်။ ဦးနုက– "သူဟာ ရွေးကောက်ပွဲအရ– တက်လာတဲ့ အစိုးရဖြစ်ပြီးတော့၊ သူသာလျှင် ဒီဟာကို ဦးဆောင်ပြီးတော့ ရွေးကောက်ပွဲကို ကျင်းပပေးမယ်" လို့ ကြေငြာလိုက်တဲ့အချိန်မှာ– ဗမာပြည်မှာရှိတဲ့နိုင်ငံရေးသမားအများစုက– ဒီနိုင်ငံရေးကစားတဲ့အကွက်ကို မမြင်ခဲ့ကြဘူး။ မမြင်တဲ့အခါကြတော့– ခေတ်လူငယ်တွေက ဦးနုကို မထောက်ခံခဲ့ကြဘူး။ ဦးနု ဖွဲ့စည်းတဲ့အစိုးရထဲမှာဆိုရင်– ကျနော်တို့ ချင်းလူမျိုးများထဲက– ဒေါက်တာဝမ်ကိုဟောက နိုင်ငံခြားရေးတာဝန်ကိုယူတယ်။ အဖမ်းခံ၊ အထိန်းသိမ်းခံ၊ အနီးကပ်ကြီးကြပ်ခံရတဲ့အထိ ဦးနုဖက်ကနေ မားမားမတ်မတ်ရပ်တည်ခဲ့တယ်ဆိုတာကို ကျနော်တို့တွေ့ရတယ်။ ကြီးငါးကြီးဆိုတာက– ဦးနု၊ ဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည်၊ ဦးအောင်ကြီးနဲ့ ဗိုလ်လကျာ တို့ဖြစ်တယ်။ ဒီကြီးငါးကြီးက ညှိနှိုင်းလို့ရရင် တခုခုပြတ်တဲ့ အနေအထားမှာရှိခဲ့တယ်။ ညှိနှိုင်းမှုမပြုနိုင်ခဲ့တဲ့အတွက်ကြောင့် ပြည်သူလူထုကို ခေါင်းဆောင်ပေးနိုင်မှု၊ ခေါင်းဆောင်မှုမှာ– အားနည်းတယ်လို့ ကျနော်ကတော့ သုံးသပ်တယ်။ နိုင်ငံရေးတကွက်မှားလို့မရဘူးဆိုတာကို သင်ခန်းစာယူဖို့၊ နားလည်ဖို့ကောင်းတယ်လို့ပြောချင်တယ်။

**CW**။ ။ အခြားဘာများထပ်မံဖြည့်စွက်ပြောချင်တာရှိပါသလဲ။

**NLT**။ ။ တိုင်းပြည်အရေး၊ ဆုံးဖြတ်ရမယ့်အရေးမှာ ဆုံးဖြတ်တဲ့သူနေရာဟာ တိုင်းရင်းသားတွေရဲ့လက်ထဲမှာ မရှိတဲ့ အတွက် ဗမာခေါင်းဆောင်တွေရဲ့ ညီညွတ်မှု၊ သဘောထားကြီးမှုက တိုင်းပြည်ရဲ့ အဆုံးအဖြတ်ပေးတဲ့နေရာမှာ– အင်မတန်မှ အရေးကြီးတယ်လို့ ကျနော်မြင်တယ်။

**CW**။ ။ မျိုးဆက်သစ်ချင်းလူငယ်များကို ဘာများမှာကြားချင်ပါသလဲ။

**NLT**။ ။ မျိုးဆက်သစ်လူငယ်များကို မှာကြားလိုတာကတော့– သမိုင်းပေးတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ကြဖို့ဖြစ်ပါတယ်။ အဲဒီလိုထမ်းဆောင်ဖို့ရန်ကလည်း အမျိုးသားရေးအခြေအနေ၊ နိုင်ငံရေးအခြေအနေများကို စဉ်ဆက်မပြတ်လေ့လာပြီး၊ ဆုံးဖြတ်ချက်များကို မြန်မြန်ဆန်ဆန်ချမှတ်နိုင်ပြီး လုပ်ကိုင်ဆောင်ရွက်ကြဖို့လိုအပ်တယ်လို့ တိုတိုတုတ်တုတ်နဲ့ပဲ ပြောပါရစေ။

## **Salai A** ပြောပြသော ၁၉၈၈ လူထုအရေးတော်ပုံ နှင့် ချင်းအမျိုးသားများ

(သူသည် ၈၈၈၈ အရေးတော်ပုံကာလတွင် ချင်းအမျိုးသားတယောက်အနေဖြင့်– **CNU** တွင်အထူးတက်ကြွစွာဖြင့် ဦးဆောင်ပါဝင်ခဲ့သူ တဦးဖြစ်သည်။ လက်ရှိတွင် ဗမာနိုင်ငံအတွင်းတွင် နေထိုင်လျက်ရှိနေသောကြောင့်– လုံခြုံရေးအရ– သူ၏ အမည်နာမကို ထုတ်ဖော် ပြောဆိုခြင်းမပြုရန် မေတ္တာရပ်ခံထားပါသည်။ အယ်ဒီတာတို့၏ ကျင့်ဝတ်နှင့်အညီ– သူ၏ မေတ္တာရပ်ခံချက်ကို လက်ခံကာ သူ့အား ဤအင်တာဗျူးအတွက်– နာမည်တခု– **Salai A** ဟု ကျနော်တို့ သတ်မှတ်ကြပါစို့။)

**CW**။ ။ ၈၈၈၈ အရေးတော်ပုံကာလတုန်းက– ချင်းအမျိုးသားသမဂ္ဂကို ဆရာအပါအဝင် ဖွဲ့စည်းတည်ထောင်ခဲ့ကြတယ်လို့ သိရပါတယ်။ အဲဒီတုန်းအကြောင်းအရာများကို သိလိုပါတယ်။

**Salai A** ။ ။ တည်ထောင်တာကတော့– ၈၈၈၈ အရေးအခင်း မစခင်ကာလမှာဖြစ်ပါတယ်။ ပူးလျန်ထန်းနဲ့ ဆလိုင်း ရမ်လိန်မှုန်းတို့က ဦးဆောင်ခဲ့ကြပါတယ်။ **CNU-CEC** မှာပါတဲ့ နာမည်တွေတော့ ကျနော်သေချာမမှတ်မိတော့တဲ့အတွက် မှားသွားရင်မကောင်းလို့ မဖော်ပြတော့ပါဘူး။ ဖွဲ့စည်းတည်ထောင်တဲ့နေ့ကိုလည်း ကျနော်မမှတ်မိတော့ပါဘူး။ အစည်းအဝေးလုပ်တဲ့ နေရာကတော့– တအိမ်ထဲမှပဲလုပ်ဖြစ်ခဲ့ကြတယ်။ လိပ်စာကိုတော့– ကျနော်မဖော်ပြရင် ပိုကောင်းမယ်လို့ယူဆပါတယ်။ အခုမှာတော့– အဲဒီလိပ်စာမှာ သူတို့မနေကြပေမယ့်– မဖော်ပြတော့ပါဘူး။ အစည်းအဝေးတွေကတော့– နေ့တိုင်း၊ ညတိုင်းလုပ်ဖြစ်ခဲ့ကြပါတယ်။ ဒီနေ့ဘာတွေလှုပ်ရှားဖြစ်ခဲ့ကြသလဲ။ လုပ်ဆောင်ခဲ့မှုအပေါ်မှာ သုံးသပ်ချက်၊ ဘာတွေပြင်ဆင်လုပ်ဆောင်ရမလဲ ဆိုပြီး ညစဉ် အစည်းအဝေးလုပ်ဖြစ်ကြတယ်။ နောက်ပြီးနောက်နေ့ လှုပ်ရှားမှုအတွက် ပြင်ဆင်လှုပ်ရှားကြတာဖြစ်တယ်။

**CW**။ ။ ၈၈၈၈ အရေးတော်ပုံကာလမှာ– စီအဲန်ယူအနေနဲ့ ဆန္ဒပြလှုပ်ရှားမှုများကို သိပါရစေ။

**Salai A**။ ။ စီအဲန်ယူရဲ့ ဦးဆောင်မှုအောက်မှာ– ချင်းလူမျိုးအများကြီးပါဝင်ခဲ့ကြပါတယ်။ စည်းလုံးညီညွတ်ကြပါတယ်။ အဲဒီကာလမှာ– ဒါလုပ်ကြရအောင်ဆိုတာနဲ့ ငြင်းချက်၊ဆင်ခြေဆင်လက် ပေးကြတာမျိုးမရှိဘူး။ အရမ်းကို နှစ်သက်ဖွယ်ရာ– အားတက် ဖွယ်ရာပါ။ ယနေ့ခေတ်လိုမျိုး စကားများ၊ ငြင်းနေကြတာမျိုး မရှိခဲ့ပါဘူး။ အသံတခုတည်းအောက်မှာ– ကောင်းကောင်းလှုပ်ရှား နိုင်ခဲ့ကြတယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ရွှေတိဂုံ အနောက်ဖက်မုခ်မှာလုပ်တဲ့ လူထုဆီကို စကားပြောတဲ့နေရာမှာလည်း ကျနော်တို့ သွားရောက်ပါဝင်ခဲ့တယ်။ နောက်ပြီး– လှုပ်ရှားခဲ့မှုတွေက အင်မတန်များပြားလှတဲ့အတွက်– ပြောလို့ပြီးနိုင်မှာမဟုတ်ပါဘူး။ (၂) လကျော်အတွင်းမှာ နေ့စဉ်လိုလိုကို ကျနော်တို့ပါဝင်လှုပ်ရှားခဲ့ကြတယ်။ ပါဝင်ခဲ့သူများကိုလည်း ဖော်ပြလို့ သိပ်မကောင်းဘူးလို့ ယူဆပါတယ်။ တချို့ကလည်း ပြည်တွင်းမှာမရှိတော့ပေမယ့်– ကျနော်အပါအဝင် ပြည်တွင်းမှာ ကျန်နေသေးတဲ့သူတွေလည်း ရှိနေကြ သေးတဲ့အတွက် နာမည်တွေကို မဖော်ပြပါရစေနဲ့။

**CW**။ ။ ၈၈၈၈ အရေးတော်ပုံကာလမှာ– ခင်ဗျားတို့ စီအဲန်ယူရဲ့ အခန်းကဏ္ဍက ဘာပါလဲ။ အောင်မြင်မှုအနေနဲ့ ကော ဘာများထုတ်ဖော်ပြောနိုင်ပါမလဲ။

**Salai A**။ ။ ချင်းလူမျိုးများအားလုံးကို ဖိတ်ခေါ်ပြီး ကျနော်တို့ဦးဆောင်ခဲ့ကြပါတယ်။ ချင်းလူမျိုးအားလုံး ပါဝင်ခဲ့ကြတယ်။ ချင်းပြည်ရဲ့ မြို့နယ် (၉) မြို့နယ်စလုံးလည်း ပြည့်စုံစွာပါဝင်ခဲ့ကြတယ်။ အဲဒီကာလတုန်းက အခြေအနေမှာ ကျနော်သတိအရဆုံးက စည်းလုံးညီညွတ်မှုဖြစ်တယ်။ ဦးဆောင်မှုနောက်ကို စိတ်ပါဝင်စားစွာ လူထုက ပါဝင်ကြပါတယ်။ မြို့နယ်တခုအနေနဲ့ဖြစ်ဖြစ် သီးသန့် လှုပ်ရှားတာမျိုးလည်းမရှိပါဘူး။ အရမ်း ညီညွတ်ကြပါတယ်။ ချင်းလူမျိုးဆိုပြီး အသံတခုတည်းအောက်မှာ ပါဝင်နိုင်ခဲ့ကြတယ်။ ဒါဟာ အောင်မြင်မှုတခုအနေနဲ့ ကျနော်တို့ သတ်မှတ်လို့ရပါတယ်။ တခြားအကြောင်းတရားအနေနဲ့ကတော့– တိုင်းပြည် အရေးနဲ့ ပတ်သက် ပြီး အောင်မြင်နိုင်မှုကတော့ မရှိပါဘူး။

CW။ ။ စီအဲန်ယူအနေနဲ့ ဗမာနိုင်ငံရေးသမားများဖြစ်ကြတဲ့ ဒေါ်အောင်ဆန်းစုကြည်၊ ဦးနု အစရှိသဖြင့်ပေါ့လေ–– အဲဒီပုဂ္ဂိုလ်များနဲ့ တွေ့ဆုံဆွေးနွေးမှုတွေရှိခဲ့တယ်လို့သိရပါတယ်။ အဲဒီအကြောင်းတွေကို ပြန်ပြောင်းပြောပြပါဦး။

Salai A။ ။ အဓိက ကျနော်တို့ဖက်ကနေ ဆွေးနွေးခဲ့တာကတော့– ချင်းပြည်အပါအဝင် ဗမာပြည်ကို ဖက်ဒရယ်ပြည်ထောင်စုပုံစံနဲ့ ဖွဲ့စည်းကြဖို့ရန်ကို ဆွေးနွေးခဲ့ကြတယ်။ ဒေါ်စုကတော့– "ဒီမိုကရေစီတောင်မရသေးဘူး၊ ဖက်ဒရယ်ပြည်ထောင်စုအကြောင်းကို ဆွေးနွေးဖို့အချိန်မတန်သေးဘူး" ဆိုပြီးပြောပါတယ်။ အဲဒီနောက်မှာတော့– ချင်းလူမျိုးများအနေနဲ့ သူမအပေါ်မှာ– ယုံကြည်ကိုးစားမှုအတော်လျော့သွားတယ်။ ဦးနုကတော့ "ဘာမှတောင်းဆိုမနေကြနဲ့၊ မကြာခင်ရောက်ရှိတော့မှာပါ" ဆိုပြီး ပြောတယ်။

CW။ ။ အိန္ဒိယသံရုံးနဲ့ တွေ့ဆုံဆွေးနွေးမှုတွေကိုလည်း ဆရာရဲ့ စီစဉ်မှုနဲ့ တွေ့ဆုံဖြစ်ခဲ့ကြတယ်လို့သိရပါတယ်။ အဲဒီတုန်းက ဆွေးနွေးဖြစ်ခဲ့ကြတာတွေကိုလည်း သိပါရစေ။

Salai A။ ။ အိန္ဒိယအစိုးရက– အရေးတော်ပုံစတာနဲ့ သူတို့ရဲ့ သံမတ်ကြီးကို ပြန်ခေါ်ပြီး– *Acting Ambassador* ကိုပဲ ထားခဲ့တယ်။ သူရဲ့ရုံးခန်းကို နေ့စဉ်ဆိုသလို ကျနော်တို့ ရောက်ဖြစ်ခဲ့ကြပါတယ်။ ချင်းလူထုပြည်ပကို **exodus** လုပ်တာ (၃၀၀၀၀) ပြည့်တယ်ဆိုရင်– ချင်းလူမျိုးကို အိန္ဒိယအစိုးရအနေနဲ့ လွတ်မြောက်နယ်မြေအနေနဲ့ သတ်မှတ်ပေးမယ်ဆိုတာဖြစ်တယ်။ အဲဒါကြောင့်လည်း နယ်စပ်မှာ– စခန်း (၅) ခုအထိ ပြုလုပ်ပေးခဲ့ကြတာဖြစ်တယ်။ ဒါပေမယ့်– စခန်းမှာ ဘယ်သူမှ ရေရှည်မနေချင်ကြဘူး။ ထွက်ထွက်သွားကြတယ်။ ဒါကြောင့် ဒီအစီအစဉ်က ဆက်လက်အကောင်အထည်ဖော်လို့ မရခဲ့ကြဘူး။ အိန္ဒိယဝန်ကြီးချုပ်ကိုယ်တိုင်သဘောတူပြီး စီစဉ်ပြုလုပ်ခဲ့တာဖြစ်တယ်။

(၂) အိန္ဒိယနယ်စပ်မှာ *POL (Petrol, Oil and Liquid)* ဆိုပြီး **Center** (၅) ခုလုပ်ပြီး ချင်းပြည်အတွက်– ဓါတ်ဆီ၊ဒီဇယ် အစရှိသည် တို့ကို လုံလောက်စွာထားပြီး– ချင်းပြည်ထဲက ကားတွေကို အသုံးပြုပြီး အစားအစာတွေကို သယ်ဆောင်ဖို့ဆိုတာကိုလည်း ဆွေးနွေး တိုင်ပင်ခဲ့တယ်။ အိန္ဒိယဝန်ကြီးချုပ်ကလည်း လက်ခံသဘောတူပြီးဖြစ်ပေမယ့်– လုပ်ဆောင်မှုအထမမြောက်ခင်မှာ– စစ်တပ်ကအာဏာ သိမ်းလိုက်တဲ့အတွက်– ရပ်နားခဲ့ရပြန်ပါတယ်။

CW။ ။ ဆရာ့တဦးတည်းအနေနဲ့ တခြားစီစဉ်ဆောင်ရွက်ပေးခဲ့တာလေးတွေကိုလည်း သိပါရစေ။

Salai A။ ။ ချင်းပါတီကြီးဖြစ်တဲ့– ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **(Chin League)** ဖွဲ့စည်းတည်ထောင်ရာမှာလည်း– ပါဝင်ခဲ့ပြီး– လိုအပ်တဲ့ ပရိဘောဂပစ္စည်းများနဲ့ ငွေကြေးများကို ကူညီပေးခဲ့ပါတယ်။ ချင်းနိုင်ငံရေးသမားများကို အိန္ဒိယ *Acting Ambassador* နဲ့ တွေ့ဆုံနိုင်ဖို့ကိုလည်း အလျဉ်းသင့်သလို– ကျနော်ခေါ်သွားပေးလေ့ရှိပါတယ်။

CW။ ။ ၈၈၈၈ အရေးတော်ပုံကာလမှာ– ဒီမိုကရေစီရရှိဖို့အထူးအခွင့်အလမ်းကောင်းရှိခဲ့တယ်လို့ ပြောနိုင်ပါတယ်။ ဘာကြောင့် မအောင်မြင်နိုင်ခဲ့ကြသလဲ။

Salai A။ ။ ကျောင်းသားများနဲ့ သံဃာတော်တွေက လက်နက်နဲ့ မတိုက်ရင် ဘယ်တော့မှ မရရှိနိုင်ဘူးဆိုပြီး ပြောနေကြတဲ့ အချိန်မှာ– ဦးနုနဲ့ ဒေါ်စုတို့ကနေ မကြိုက်ကြပါဘူး။ လက်နက်မလိုဘူး။ လက်ဖြန့်စောင့်ယုံနဲ့ ဒီမိုကရေစီ လုံးဝရမှာဖြစ်တယ်လို့ ပြောပါတယ်။ ကျောင်းသားနဲ့သံဃာတော်တွေဆီမှာလည်း လိုအပ်တဲ့လက်နက်ရှိပေမယ့် အသုံးမပြုနိုင်သေးခင်မှာပဲ– စစ်တပ်က အာဏာသိမ်းလိုက်ပါတယ်။ ဦးနုနဲ့ ဒေါ်စုကြောင့် ဒီမိုကရေစီမရရှိခဲ့တာဖြစ်တယ်လို့ ကျနော်သုံးသပ်တယ်။

CW။ ။ (၂၂) နှစ်အကြာ ၈၈၈၈ အရေးအခင်းမှာ ဘာအကြောင်းတရားတွေကို သတိရ တမ်းတမိပါသလဲ။

Salai A။ ။ စည်းလုံးညီညွတ်စွာနဲ့ လှုပ်ရှားဆောင်ရွက်ခဲ့ကြတာကို ကျနော်အရမ်းသတိရအောက်မေ့ပါတယ်။ ယနေ့ခေတ်မှာတော့ ညီညွတ်မှုဆိုတာကို ရှာမတွေ့နိုင်တာဟာ တကယ့်ပြဿနာပါပဲ။ စည်းလုံးညီညွတ်မှုကို ကျနော်သတိရပါတယ်။

www.chinworld.info

**CW**။ ။ ၈၈၈၈ အရေးတော်ပုံ နှစ်ပတ်လည်နေ့မှာ ချင်းလူငယ်များကို ဘာများမှာကြားချင်ပါသလဲ။

**Salai A**။ ။ ၈၈၈၈ ကာလတုန်းကလိုမျိုး စည်းလုံးညီညွတ်စွာနဲ့ နေနိုင်ကြဖို့ကို အထူးကြိုးစားကြပါ။ ကိုယ့်မြို့နယ်၊ကိုယ့်မျိုးနွယ် စုတွေကို အရမ်းကြည့်ပြီး ပြဿနာဖြစ်ဖို့မဟုတ်ပါဘူး။ ခေါင်းဆောင်မှုနောက်ကို ကောင်းစွာလိုက်နိုင်ဖို့လိုသလို– ခေါင်းဆောင်ကလည်း ချင်းပြည်နဲ့ ချင်းလူမျိုးအတွက်ပဲ အထူးစဉ်းစားရင် သိပ်ကောင်းမှာပါ။

************************

ရှားပါးခက်ခဲသော ၈၈၈၈ ကာလ ချင်းအမျိုးသားသမဂ္ဂ၏ သမိုင်းဝင်ဓါတ်ပုံများကို
ထိုအချိန်က တက်ကြွစွာ လှုပ်ရှားပါဝင်ခဲ့သော ပုဂ္ဂိုလ်တဦးဖြစ်သည့်
Pu Neng Hau Kim မှ ကျေးဇူးပြုပါသည်။

www.chinworld.info